- “ရှိုင်တွာန်သည် အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်
စတင်ခြင်း မရှိသောအစားအစာကို မိမိအတွက်ဟလာလ် အဖြစ်
မှတ်ယူလေ့ရှိသည်
ဟုဇိုင်ဖဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်တို့သည် တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) နှင့်အတူ အစားအစာ စားသောက်သည့်အခါတွင်
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) စတင်မစားမခြင်း
မိမိတို့ရဲ့လက်များကို (အစားအစာထဲသို့) မထည့်ခဲ့ကြပါ။ တစ်ကြိမ်တွင်
ကျွန်ုပ်တို့သည် တမန်တော်မြတ်နှင့်အတူ အစားအစာ စားသောက်နေစဉ် ရုတ်တရက်
မိန်းကလေးတစ်ဦးသည် သူမအား တစ်စုံတစ်ဦးက မောင်းနှင်နေသကဲ့ပုံစံဖြင့်
ရောက်ရှိလာကာ သူမ၏လက်ကို အစားအစာထဲသို့ ထည့်(နှိုက်) ရန်လုပ်လေသည်။ ထိုအခါ
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က သူမ၏လက်ကို
ဆုပ်ကိုင်လိုက်တော်မူသည်။ ထို့နောက် ကျေး‌တောသားတစ်ဦးသည် တစ်စုံတစ်ဦးက
မောင်းနှင်နေသကဲ့ပုံစံဖြင့် ရောက်ရှိလာရာ
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ၎င်း၏ လက်ကို
ဆုပ်ကိုင်လိုက်တော်မူသည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
ကမိန့်ကြားတော်မူသည်မှာ- “ရှိုင်တွာန်သည် အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်
စတင်ခြင်း မရှိသောအစားအစာကို မိမိအတွက်ဟလာလ် အဖြစ် မှတ်ယူလေ့ရှိသည်။ စင်စစ်
၎င်းရှိုင်တွာန်ကပင် ထိုမိန်းကလေးအား ခေါ်ဆောင်လာပြီး သူမ၏အ‌ကြောင်းခံအားဖြင့်
အစားအစာကို (မိမိအတွက်)ဟလာလ်ဖြစ်စေရန် ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ငါကိုယ်သည်
ထိုမိန်းကလေး၏လက်ကို ဆုပ်ကိုင်လိုက်ခြင်းဖြစ်သည်။ ထို့နောက် ရှိုင်တွာန်သည်
ထိုကျေးတောသားအား ခေါ်‌ဆောင်လာပြီး ၎င်း၏အ‌ကြောင်းခံဖြင့်အားဖြင့် မိမိအတွက်
အစားအစာကို ဟလာလ်ဖြစ်စေရန် ကြိုးပမ်းပြန်ရာ ငါကိုယ်တော်သည် သူ၏လက်ကိုလည်း
ဆုပ်ကိုင်လိုက်ခြင်းဖြစ်သည်။” (ထို့နောက် တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က) “ ငါကိုယ်တော်မြတ်၏အသက်ကို
စိုးပိုင်တော်မူသောအရှင်မြတ်၏ ကစမ်၊ ဧကန်မုချ ရှိုင်တွာန်၏လက်သည် ထိုမိန်းကလေး
၏လက်နှင့်အတူ ငါကိုယ်တော်မြတ်၏လက်တွင် ရှိခဲ့သည်။
[صحيح] [رواه مسلم]
ဟုဇိုင်ဖဟ် (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန် တင်ပြခဲ့သည်မှာ- ၎င်းတို့သည် တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) နှင့်အတူ အစားအစာ စားသောက်သည့်အခါ တမန်တော်မြတ်
စတင်မစားမခြင်း မိမိတို့၏လက်များကို အစားအစာထဲ မထည့်ခဲ့ကြပါ။တစ်ကြိမ်တွင်
ကျွန်ုပ်တို့သည် တမန်တော်မြတ်နှင့်အတူ အစားအစာ စားသောက်နေစဉ် ရုတ်တရက်
မိန်းကလေးတစ်ဦးသည် သူမအား တစ်စုံတစ်ဦးက မောင်းနှင်နေသကဲ့ပုံစံဖြင့်
အလွန်လျှင်မြန်စွာ ရောက်ရှိလာကာ သူမ၏လက်ကို အစားအစာထဲသို့ ထည့်(နှိုက်)
ရန်လုပ်လေသည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က သူမ၏လက်ကို
ဆုပ်ကိုင်လိုက်တော်မူသည်။ ထို့နောက် ကျေး‌တောသားတစ်ဦးသည် တစ်စုံတစ်ဦးက

မောင်းနှင်နေသကဲ့ပုံစံဖြင့် (အလျင်အမြန်)ရောက်ရှိလာရာ
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ၎င်း၏ လက်ကို အစားအစာအား မထိမီအရင်
ဆုပ်ကိုင်လိုက်တော်မူသည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က
မိန့်တော်မူသည်မှာ- အကယ်၍ လူသားတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို မရွတ်ဆိုဘဲ (
ဗိစ်မိလ္လာဟ် မဆိုဘဲ) စားသောက်ပါက၊ မုချ ရှိုင်တွာန်သည် ထိုအစာအစားတွင် အတူပါဝင်(
စားသောက်) ခွင့်ရသွားပါသည်။ စင်စစ် ၎င်းရှိုင်တွာန်ကပင် ထိုမိန်းကလေးအား ခေါ်လာကာ
သူမ၏အ‌ကြောင်းခံအားဖြင့် အစားအစာကို (မိမိအတွက်)ဟလာလ်ဖြစ်စေရန် ကြိုးပမ်းခဲ့သည်။
ထို့ကြောင့် ငါကိုယ်သည် ထိုမိန်းကလေး၏လက်ကို ဆုပ်ကိုင်လိုက်ခြင်းဖြစ်သည်။ ထို့နောက်
ရှိုင်တွာန်သည် ထိုကျေးတောသားအား ခေါ်လာကာ ၎င်း၏အ‌ကြောင်းခံဖြင့်အားဖြင့် မိမိအတွက်
အစားအစာကို ဟလာလ်ဖြစ်စေရန် ကြိုးပမ်းပြန်ရာ ငါကိုယ်တော်သည် သူ၏လက်ကိုလည်း
ဆုပ်ကိုင်လိုက်ခြင်းဖြစ်သည်။ (ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
က) “ ငါကိုယ်တော်မြတ်၏အသက်ကို စိုးပိုင်တော်မူသောအရှင်မြတ်၏ ကစမ်၊ ဧကန်မုချ
ရှိုင်တွာန်၏လက်သည် ထိုမိန်းကလေး ၏လက်နှင့်အတူ ငါကိုယ်တော်မြတ်၏လက်တွင်
ရှိခဲ့သည်။ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် “ဗိစ်မိလ္လာဟ်”
ဆိုပြီး အစားအစာကို စားသုံးတော်မူသည်။
https://sunnah.global/hadeeth/my/show/3507